ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

သီဟသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ မြေဧရိယာ ၂၃၄၂.၃၈ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၅၂ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးနိုင်အောင်<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - သီဟာသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၊<br>အမှတ် (၃၅-ဘီ)၊ ဥယျာဉ်လမ်း၊ တက္ကသိုလ်ရိပ်သာ<br>လမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး<br>ဖုန်း ၀၉-၅၀၃၉၉၆၃ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစား<br>ထုတ်လုပ်ရေးလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းမြေဧရိယာ (၂၃၄၂.၃၈) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသ၊<br>မော်လိုက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၂-၆-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁၁-၆-၂၀၂၈ |

(ဇ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၇/၈ (၀၈၂၈/၂၀၂၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားထုတ်လုပ်ရေးလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ သီဟသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ မြေဧရိယာ ၂၃၄၂.၃၈ ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၇/၈ (၀၈၂၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးနိုင်အောင်၊ မန်နေးဂျင်းဒါရိုက်တာ၊ သီဟသန့်ဟိန်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ အမှတ် (၃၅-ဘီ)၊ ဥယျာဉ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၅၀၃၉၉၆၃ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၂၃၂၄.၃၈) ဧကတွင် ဟင်းလင်းဖွင့်နည်းစနစ်ဖြင့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ပထမဦးစွာ အပေါ်ယံမြေ ဖယ်ရှားပြီး ကျောက်မီးသွေးပေါ်ထွက်ပိုင်း၏ လားရာ အတိုင်း Backhoe မြေတူးစက်ဖြင့် တူးဖော်ခြင်း၊ မြေသယ်ယာဉ်ဖြင့် ကျောက်မီးသွေးစုပုံကွင်းတွင် သယ်ယူစုပုံခြင်း၊ မြေပြင်ပေါ်ထွက်ခြင်း မရှိသော ကျောက်မီးသွေးကြောတို့ကို မြေအောက်လှိုဏ်ဂူ ဖောက်လုပ်၍ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်း၊ မာကြောသောကျောက်မာများ ယမ်းခွဲခြင်း တို့ကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ကွက် အတွင်းမှ တစ်နှစ်လျှင် ကျောက်မီးသွေး မက်ထရစ်တန် (၁၀,၀၀၀) တန်ထွက်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်လျှင် လောင်စာဆီဂါလန် (၁၉,၀၀၀) ခန့် လိုအပ်မည် ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောရေကို ချောင်းလက်တက်များမှလည်းကောင်း၊ နမ့်ခမ်း ပတ်ချောင်းနှင့် မော်လိုက်ကြီးချောင်းမှလည်းကောင်း PVC ပိုက်လိုင်းများဖြင့် သွယ်တန်း ရယူမည် ဖြစ်ပြီး တစ်နှစ်လျှင် ရေဂါလန် (၂၀၀,၀၀၀) ခန့်သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်း နှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ မြေပုံညွှန်း (A. Lat 23° 43' 9.83" N/ Long 94° 19' 49.48"E),

၃၅

(B. Lat 23° 43' 9.29"N/ Long 94° 20' 21.54"E), (C. Lat 23° 40' 40.93"N/ Long 94° 20' 15.56"E), (D. Lat 23° 40' 41.48" "N/ Long 94° 19' 58.71"E), (E. Lat 23° 36' 53.24"N/ Long 94° 19' 50.56"E), (F. Lat 23° 36' 55.95"N/ Long 94° 19' 3.29"E), (G. Lat 23° 38' 14.75"N/ Long 94° 19' 5.46" E), (H. Lat 23° 38' 14.75"N, Long 94° 19' 36.98"E) တွင် တည်ရှိသည်။

## သီဟာသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် လုပ်ငန်းတည်နေရာပြမြေပုံ





လုပ်ကွက်တည်နေရာ - (A - [illegible] B - [illegible] C - [illegible] D - [illegible] E - [illegible] G - [illegible] H - [illegible] F - [illegible] )


(A - 94 19 49.48 E 23 43 9.83 N , B - 94 20 21.54 E 23 43 9.29 N ,
C - 94 20 15.58 E 23 40 40.93 N , D - 94 19 58.71 E 23 40 41.48 N ,
E - 94 19 50.56 E 23 38 53.24 N , F - 94 19 3.29 E 23 38 55.95 N ,
G - 94 19 5.46 E 23 38 14.75 N , H - 94 19 36.96 E 23 38 14.75 )

[illegible] (၂၁၂၃၊ ၃၀) [illegible]


## သီဟသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် Layout Plan



## သီဟာသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် Mine Design



# သီဟသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစားထုတ်လုပ်ရေးလုပ်ငန်းအတွက် စွန့်ထုတ်ပစ္စည်းထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ သီဟသန့်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်လိုက်ကြီးချောင်းနှင့် နမ့်ခမ်းပတ်ချောင်းဒေသရှိ မြေဧရိယာ ၂၃၄၂.၃၈ ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) အကြီးစား ထုတ်လုပ်ရေးလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၄-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၇/၈ (၀၈၂၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၂၃၂၄.၃၈) ဧကတွင် ဟင်းလင်းဖွင့်နည်းစနစ်ဖြင့် ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ပထမဦးစွာ အပေါ်ယံမြေ ဖယ်ရှားပြီး ကျောက်မီးသွေးပေါ်ထွက်ပိုင်း၏ လားရာအတိုင်း Backhoe မြေတူးစက်ဖြင့် တူးဖော်ခြင်း၊ မြေသယ်ယာဉ်ဖြင့် ကျောက်မီးသွေးစုပုံကွင်းတွင် သယ်ယူစုပုံခြင်း၊ မြေပြင်ပေါ်ထွက်ခြင်း မရှိသော ကျောက်မီးသွေးကြောတို့ကို မြေအောက်လှိုဏ်ဂူ ဖောက်လုပ်၍ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်း၊ မာကြောသောကျောက်မာများ ယမ်းခွဲခြင်း တို့ကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ကွက်အတွင်းမှ တစ်နှစ်လျှင် ကျောက်မီးသွေး မက်ထရစ်တန် (၁၀,၀၀၀) တန်ထွက်ရှိမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မော်တော်ယာဉ်၊ စက်ယန္တရားများနှင့် မြေသယ်ယာဉ်များ သွားလာသည့်ရက်တွင် တစ်ရက်လျှင် ဂါလန် (၁၆၀၀) ခန့် ရေကားနှစ်စီးဖြင့် လမ်းအရှည် ကိုက် (၁,၀၀၀) အတွင်းရေဖျန်းပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လုပ်ကွက်အတွင်း ဖုန်မှုန့်၊ သဲမှုန့်ပျံ့လွင့်မှုများ လျော့ကျစေရန် မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် ရေဖျန်းပေးမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေအား ဝန်ထမ်း/လုပ်သား အိပ်ဆောင်များမှ ကိုက် (၅၀) ကွာဝေးသော ရေစစ်ကန်သို့ (၄) လက်မ PVC ပိုက်အသုံးပြု၍ ပို့လွှတ်စုဆောင်းစစ်ယူပြီး ပြန်လည်အသုံးပြုခြင်းဖြင့် ထိန်းသိမ်းဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေများ ပြင်ပသို့ စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုသည့်စနစ် (recycle) ဖြင့် လိုအပ်သောနေရာတွင် ပြန်လည်အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကိုက် (၁၀၀၀) ပတ်လည်အတွင်းတွင် စွန့်ပစ်မြေစာပုံ တည်ဆောက်ခြင်း (၂၀၀'x၂၀၀'x၄')၊ အနည်စစ်ကန် တည်ဆောက်ခြင်း (၁၀၀'x၁၀၀'x၈')၊ စွန့်ပစ်စုပုံကွင်းများအား ရေတိုက်စားခြင်း မရှိစေရန် မြေထိန်းနံရံ တည်ဆောက်၍ ကာကွယ်ထားခြင်းဖြင့် တိုက်စားမှု၊ အနည်ပို့ချမှုများ မဖြစ်စေရန် ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မီးသွေးတူးဖော်ရာတွင် မြေပေါ် ပေါ်ထွက်ပိုင်း ကျောက်မီးသွေးကြောများအား ဟင်းလင်းဖွင့်တူးဖော်သည့်နည်းစနစ်ဖြင့် တူးဖော်ပြီး ပေါ်ထွက်ခြင်းမရှိသာ လုပ်ကွက်တွင် မြေအောက်တူးဖော်သည့်နည်းစနစ်ဖြင့် တူးဖော်မည်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) မြေဆီလွှာများ ပျက်ဆီးဆုံးရှုံးမှု နည်းပါးအောင်ဆောင်ရွက်ခြင်း၊ မြေဆီလွှာများ စွန့်ပစ်ခြင်းမပြုဘဲ သီးခြားစုပုံစေခြင်းတို့ကို ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) မြေဆီလွှာထိန်းပေးခြင်း၊ အော်ဂဲနစ်ဖြင့် သဘာဝတိုးပွားခြင်း၊ ရေတိုက်စားမှု ကာကွယ်ခြင်းတို့ကို သစ်ပင်ချုံနွယ်များမှ ဆောင်ရွက်ပေးသဖြင့် ခုတ်ထွင် ရှင်းလင်းခြင်းတို့အား ရှောင်ရှားသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လိုအပ်သောနေရာများတွင်သာ အပေါ်ယံမြေဆီလွှာဖယ်ရှားပြီး စုပုံကွင်းတွင် စနစ်တကျ စုပုံခြင်းတို့ကို ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများအား အသံထိန်းကိရိယာ တပ်ဆင်ခြင်းဖြင့် ဆူညံသံထွက်ရှိမှု အား လျှော့ချမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ယမ်းနှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲပါကလည်း သတ်မှတ်စည်းကမ်းချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ ယမ်းခွဲပါကလည်း အချိန်သတ်မှတ်၍ ဆောင်ရွက်ခြင်း၊ ယမ်းသုံးမှုကို လိုအပ်သည်ထက်ပိုမသုံးရန် ကြပ်မတ်ခြင်းဖြင့် ဆူညံသံထွက်ရှိမှု လျှော့နည်းစေမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ထွက်ရှိလာမည့် စွန့်ပစ်မြေစာခဲများ မိုးရေ တွင် မျောပါမသွားစေရန် စွန့်ပစ်မြေစာခဲစုပုံကွင်းတွင် လှေကားထစ်ပုံစံဖြင့် စုပုံခြင်းကို စနစ်တကျ ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်စဉ် ထွက်ရှိလာမည့် စွန့်ပစ်ခဲများကို စွန့်ပစ်စုပုံကွင်းသို့ မြေသယ်ကားဖြင့် ဖုံးအုပ်သယ်ယူစုပုံမည် ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စားဖိုဆောင်မှထွက်ရှိသည့် အမှိုက်သရိုက်များကို ကျင်းတူး၍ စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်းနှင့် စွန့်ပစ်ပစ္စည်းများ အမျိုးအစားအလိုက်ခွဲခြားခြင်း၊ စုစည်းခြင်း၊ မြေစာများ၊ ကျောက်အပိုင်းအစများ စုပုံခြင်း၊ ချိုင့်များတွင် ပြန်လည် ဖို့ပေးခြင်း၊ မြေညှိခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ပေးမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား အမှိုက်ကန်တူး၍ မြှုပ်ခြင်း၊ ရွံ့ရည်များ ရေစစ်ကန်များတွင် စွန့်ပစ်ခြင်းများ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန် အမဲလိုက်ခြင်းများကို တားမြစ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမရှိသည့် နယ်မြေတို့တွင် သဘာဝပေါက်ပင်နှင့် သဘာဝတောများ ပျက်ဆီးမှုမရှိစေရန် ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) တောမီးမရှို့ရန် တင်းကြပ်စွာ တားမြစ်ခြင်းနှင့် တရားမဝင် သစ်ခုတ်လှဲခြင်းများ မဖြစ်ပေါ်စေရေး အစီအစဉ်များအား ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(စျ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်း/လုပ်သားများ၏ ကျန်းမာရေးကို (၆)လတစ်ကြိမ် စစ်ဆေးခြင်းနှင့် အဆောက်အဦတိုင်းတွင် ရှေးဦးသူနာပြုဆေးဘူးများ ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးဆေးပေးခန်းဖွင့်လှစ်ပေးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသပေးနိုင်ရန် အရေးပေါ်လူနာများရှိပါက မော်လိုက်မြို့နယ်ဆေးရုံသို့ ဆောလျင်စွာ ပို့ဆောင်ပေးနိုင်ရေး အရေးပေါ်ယာဉ် စီစဉ်ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်အခြေအနေတုံ့ပြန်မှု စီမံချက်ဆောင်ရွက်ရာတွင် လုပ်ကွက်ဝန်းကျင်နှင့် ဆက်စပ်သောဧရိယာတို့တွင် မြေလျှောင်လှုပ်ခတ်ခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် ဖြစ်ရပ်များဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေများ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှ ဝန်ထမ်း/ လုပ်သားများပါဝင်သော အဖွဲ့ဖွဲ့စည်း၍ စီမံချက်ရေးဆွဲဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အရေးပေါ်အခြေအနေ ကျရောက်လာပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ကြိုတင်ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား လုပ်ကွက်နေရာအတွင်း (23°42'23.85"N, 94°20' 15.67"E) တွင် $CO_2$, $NO_2$, NO, $PM_{10}$, $PM_{2.5}$, $SO_2$ တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုအား လုပ်ကွက်နေရာအတွင်း (23°42'15.57"N, 94°19' 56.00"E) တွင် dBA တို့အား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၃) ရေထုအရည်အသွေးအား လုပ်ကွက်နေရာအတွင်း (23°41'40.59"N, 94°20' 15.34"E) တွင် pH, Fe, Suspened Solid, Lead, Arsenic, Zinc, Copper တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မြေထုအရည်အသွေးအား လုပ်ကွက်နေရာအတွင်း (23°41'51.29"N, 94°20' 7.25"E) တွင် Soil pH တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းအစိုင်အခဲစစ်ဆေးခြင်းအား လုပ်ကွက်နေရာအတွင်း (23°41' 33.61"N, 94°20' 13.84"E) တွင် pH, Fe, Suspended Solid, Lead, Arsenic, Zinc, Copper တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးမည်ကို လိုက်နာ ဆောင်ရွက်ရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင် ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) **လျာထားအသုံးစရိတ်**။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် လျာထားအသုံးစရိတ် ငွေကျပ်သိန်း (၂၀၀) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် လျာထားအသုံးစရိတ် ငွေကျပ် သိန်း (၂၀၀) လျာထား သုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဒေသခံများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း (၂၀၀) လျာထားသုံးစွဲ မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျာထားအသုံးစရိတ် ငွေကျပ်သိန်း (၂၀၀) လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်။

(ဏ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) လုပ်ငန်းပြီးဆုံးချိန်တွင် တူးဖော်ထားသော ကျင်း၊ ချိုင့်များတွင် စွန့်ပစ်မြေစာ များပြန်လည်ဖို့ခြင်း ဆောင်ရွက်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အပေါ်ယံမြေဆီလွှာများတွင် ကြီးမြန်သစ်ပင်၊ ဒေသနှင့်အံဝင်ဂွင်ကျသော သီးပင်၊ စားပင်များပြန်လည်စိုက်ပျိုးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) မြေအောက်လှိုဏ်ဂူဖောက်လုပ်ထားသည့်အတွက် လှိုဏ်ဂူများပြိုကျခြင်း၊ မြေသားများကျွံကျခြင်းမရှိစေရန် မြေသားနံရံများနှင့် လှိုဏ်ဂူခေါင်မိုးတို့တွင် ဂူစင်ထောက်ခြင်း၊ လှိုဏ်ဂူနံရံများ ပြိုကျမှုမရှိစေရန် ကာရံခြင်း၊ လှိုဏ်ဂူအဝ (Portal) တွင် ကွန်ကရစ်လောင်းခြင်းများ ဆောင်ရွက်မည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ် ကျပ်သိန်း (၂၀၀) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) မိုင်းမပိတ်သိမ်းမီ (၁) နှစ် အလိုတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနသို့ အသေးစိတ်မိုင်းပိတ်သိမ်းခြင်းအစီအစဉ် အစီရင်ခံစာ တင်ပြ၍ အတည်ပြုချက်ရယူ၍ မိုင်းပိတ်သိမ်းခြင်း ဆောင်ရွက်သွားမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေး လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာ အညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉၉) စီမံကိန်းမှ တစ်နှစ်လျှင် ထွက်ရှိမည့် စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှု မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၁.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ

၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကိုအစီရင်ခံစာတွင်ဖော်ပြထားသည့်သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံ မြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့် ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူ က ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ် လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲ ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြု ခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယား အတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာန သို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရန်၊

(ဂ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဃ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

ပြည်ထောင်စုဝန်ကြီးရုံး

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဍ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ ထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---